လက်ပတောင်းတောင်အရေး၊ ဘင်ဂါလီအရေး၊ ကချင်
ကစပြီးတိုင်းရင်းသားအားလုံးတွေရဲ့ ငြိမ်းချမ်းရေး
အစရှိတဲ့အားလုံးသိပြီးသားအရေးတွေထဲမှ ဘယ်သူမှ မသိသေးတဲ့
အကြောင်းအရာတခုကို ကျနော် ကာယကံရှင်တွေရဲ့ကိုယ်စား အသိပေးလိုပါတယ်၊
ဒီအကြောင်းနဲ့ ပတ်သတ်ပြီး ဝေဖန် အကြံပြု ဆွေးနွေးလိုရင်လဲ
အားလုံးကိုဖိတ်ခေါ်ပါတယ်။
ပြောရမယ်ဆိုရင်တော့ ၃၇ နှစ်ကြာမှပြန်လည်ခြေချခွင့်ရခဲ့တဲ့ မွေးရပ်မြေမှာကြုံ
ႉတွေ့ခဲ့ရတာနဲ့စရာပါလိမ့်မယ်။ ကျနော့်အသက် ၁၂ နှစ်သားအရွယ် အမေ ရုတ်တရုတ်
တိမ်းပါးပြီးသိပ်မကြာခင်မှာပဲ ရွာက ထွက်လာခဲ့တယ်၊ ရွာကနေ နမ့်ဆမ်၊ မန္တလေး၊
ရန်ကုန် ကနေခရီးအဆက်ဆက်ပေါ့ (ထက်ပြီးခရီးတွေဆက်ရရင် ကျနော်ပြောချင်တဲ့
အဓိကအကြောင်းအရာကိုရောက်မှာမဟုတ်ဘူး)၂၀၁၂ ခုနှစ် မြန်မာပြည်
ပြန်ရောက်တဲ့အခိုက်အတန့်မှာပဲ ၃၇ နှစ်လုံးလုံးမပြန်ဖြစ်ခဲ့တဲ့
ကျနော့်ရဲ့ရွာကိုပြန်ဖို့အကြောင်းဖန်လာပါတယ်။ ငယ်စဉ် ကလေးဘဝက အရိပ်တွေ၊
အမေ့ရဲ့အရိပ်တွေနဲ့ပြည့်နေတဲ့ သာယာလွမ်းမောဖွယ်ကောင်းတဲ့ ရွာပြန်ခရီးဟာ
ကျနော့်အတွက် ရင်ခုန်လှုပ်ရှားသလို၊ ပျော်သလို၊ဝမ်းနည်းသလိုနဲ့ အမျိုးအမည်မသိတဲ့
စိတ်ခံစားမှုဖြစ်နေတာ ကိုဟန်ဆောင်၍မရပါ၊ ၃၇ နှစ်တာအတွင်းမှာ လူတယောက်
အတွက် ထိုက်သင့်တဲ့ အပြောင်းအလဲအချို့နဲ့ ပြန်ခဲ့ပေမယ့်
မပြောင်းလဲပဲအရင်အတိုင်းပဲရှိနေတာ ကျနော်ချစ်တဲ့ ရှမ်းပြည်မြောက်ပိုင်း
နမ့်ဆမ်မြို့နယ်ထဲက ပလောင်ရွာလေးတွေပါ ဝေးလံခေါင်သီပြီးလက်ဖက်လုပ်ငန်းက
လွဲလို့ ကျန်တာ လုပ်ကိုင် မစားသောက်တတ်တဲ့ ပလောင်တိုင်းရင်းသားတွေဟာ
အခုအချိန်တိုင်  လက်ဖက်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းနေကြဆဲပါပဲ၊
ကျနော့်အတွက် ဒီမပြောင်းလဲမှုကို မိရိုးဖလာ ရိုးရာလုပ်ငန်းတခုအနေနဲ့
ဂုဏ်ယူစရာခံစား  မြင်ကြည့်ချင်ပေမယ့် အရင်ထက် ပိုမိုနိမ့်ကျနွမ်းပါးလာတဲ့
ပလောင်တိုင်းရင်းသားတွေရဲ့ဘဝတွေဟာ လက်ရှိအခြေအနေကို
ပိုပြီးထင်ဟပ်စေပါတယ်။
၂၀၀၈ ခုနှစ်နိုင်ငံတော်စစ်အစိုးရ ရဲ့ စစ်ဗိုလ်ချုပ်တဦးပိုင်ဆိုင်တဲ့ လက်ဖက်တံဆိပ်( … )
တခုကလွဲပြီး  ကျန်တဲ့ တံဆိပ်ပါ လက်ဖက်များအားလုံးဟာ လူ၏ ကျမ်းမာရေးကို
ထိခိုက်စေတဲ့ ဓာတုဆိုးဆေးတွေ ပါဝင်နေတယ်လို့

ကြေငြာချက်ထုတ်တဲ့အချိန် စတာပါပဲ၊ နဂိုရင်းကတည်း သိပ်ပြီးမကောင်းလှတဲ့ လက်ဖက်ဈေးကွက်ဟာ အနိမ့်ဆုံးကိုရောက်ပါတောတယ်၊ ငွေကြေးချမ်းသာပြီးသား လက်ဖက်ကုန်သည်တွေအတွက်တော့ ကုန်သည်တို့ထုံးစံအတိုင်း ဂိုဒေါင်မှာခဏသိုလှောင် မေ့လောက်တဲ့အခါမှ ဈေးကောင်းနဲ့ ပြန်ထုတ် ပိုတောင် တွက်ခြေ ကိုက်ပါတယ်။ တချို့ ကုန်သည်တွေကျတော့ တံဆိပ်အသစ်တွေနဲ့ထုတ် အရင်ထက်တောင်ပိုမြတ်လို့ ဒီလိုကြေငြာချက်ထုတ်တဲ့ အစိုးရကိုတောင်ကျေးဇူးတွေတင်ပါတယ်၊ လက်ဖက်ပင်စိုက် လက်ဘက်ခူးစား ရိုးရိုးအအ ပလောင်တောင်သူတွေကတော့ ကုန်သည်တွေခိုင်းသမျှလုပ်လိုက်တာ နောက်ဆုံးတော့မြေနိမ့်ရာလှံစိုက် သူတို့သာတရားခံအဖြစ်ရောက်မှန်းမသိ ရောက်သွားရတယ်။ ဒီအချိန်ကို အခွင့်ကောင်းစောင့်ပြီး တရုတ်ပြည်က မြန်မာပြည်သူ/ သားတွေရဲ့အကြိုက်အတိုင်း တရုတ်လက်ဖက်ကုန်သည်တွေက အနံ့အရသာ အတုတွေထည့်ထားတဲ့ လက်ဖက်တွေ ဈေးပေါပေါ အခွန်ကင်းကင်းနဲ့ အလုံးအရင်းဝင်လာလိုက်တာ ပလောင်တောင်ပေါ်မှာ လက်ဖက်တွေ ဆိုးဆေးမဆိုး ရိုးရာနည်းအတိုင်း ထုတ်တာတောင် ဝယ်မည့်သူ မရှိ၊ ဝယ်သူလာတော့လည်းဈေးနိမ်နဲ့ ပလောင်တွေရဲ့ဘဝ စပြီးပျက်တော့တာပါပဲ။ အဲဒီအချိန် စပြီး ပလောင်တောင်ပေါ်မှာ အလုပ်လုပ်နိုင်တဲ့ လူငယ်လူရွယ်မှန်သမျ ဝင်ငွေအမြန်ဆုံးရနိုင်တဲ့ တရုတ်ပြည်ကိုသွားလိုက်တာ တောင်ပေါ်မှာ အသက်၁၀နှစ်အောက် ခလေးတွေနဲ့ မီးဇာကုန်ဆီခမ်း အသက်အရွယ်ကြီးတဲ့ အဘိုးကြီးအဘွားကြီးတွေပဲကျန်ပါတော့တယ်။ တရုတ်ပြည်မှာအလုပ်သွားလုပ်ပါတယ်ဆိုတဲ့ ပလောင်အမျိုးသမီးငယ်တွေက ထုံးစံအတိုင်း အိမ်ဖော်/ ပြည့်တန်ဆာလုပ်၊ ပလောင်အမျိုးသားငယ်တွေက ကူလီထမ်းကအစ ဈေးပေါပေါ ကျပန်းအလုပ်လုပ်ပြီး ကျန်ခဲ့တဲ့မိသားစုကိုထောက်ပံ့လိုက်တာ သိပ်မကြာ ရောဂါမျိုးစုံရပြီးအလုပ်မလုပ်နိုင်လို့ပြန်လာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးကြတာ ပလောင်ရွာတိုင်းမှာပါ။

မိရိုးဖလာနည်းအတိုင်းပဲ ပလောင်တွေ လက်ဖက်လုပ်ပါတယ်၊ တောင်ပေါ်မှာဓါထုဆိုးဆေးမရှိပါ၊ ဆိုးဆေးဟာ သူတို့အတွက်မကြားဘူး မမြင်ဘူးလို့ ဆိုးကျိုး ကောင်းကျိုးလည်း မသိပါ၊ လက်ဖက်ကုန်သည်မှ ယူလာပြီးထည့်ခိုင်းသည့်အတွက် ကုန်ကည်အကြိုက်လိုက်ရသည်၊

ပြဿနာဖြစ်သောအခါသူတို့အပေါ်ခေါင်းပုံကြသည်။

လက်ဖက်ဈေးနှုန်းသည် သူတို့၏အသက်ဖြစ်သည်၊ လက်ဖက်ဈေးကောင်းလျှင် သူတို့၏သားသမီးများ တရုတ်ပြည်တွင်သွားပြီး အလုပ်သွားလုပ်စရာ မလိုတော့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါရ ပြန်လာပြီးအသက်ဆုံးရှုံးမှုတွေအတွက် အမြန်ဆုံးဟန့်တားချင်ကြသည်မှာ သူတို့အတွက် အကြီးမားဆုံးသောဆန္ဒဖြစ်သည်။

ဝင်ငွေမရှိသည့်အတွက် ကျောင်းတက်ရမည့်ကလေးငယ်များ ကျောင်းမတက်နိုင်ပဲ အိမ်၏ဝမ်းစာရေးအတွက် ရှာဖွေနေရသည်၊

စားသည့်လက်ဖက်အသားမှစ၍ အချိုခြောက် အခါးခြောက်အဆုံး တရုတ်ပြည်မှ လက်ဖက်များက နေရာယူနေသည်ကို စားသုံးသူအများစုကမသိကြ၊ ငွေမျက်နှာကိုသာကြည့်သော မြန်မာလက်ဘက်ကုန်သည်များသည် ဈေးပေါပေါနှင့်ရသော တရုတ်လက်ဖက်ကိုသာ ဈေးကွက်ထဲ အစားထိုးနေသည်၊

တရုတ်ပြည်ထုတ်လက်ဖက်များသည် သဘာဝထက် အနံ့အရသာ ပိုကောင်းသော (artificial flavoring & coloring) ဓါတု ဆိုးဆေး/အနံ့ထည့်ထားသည့်အတွက် ဈေးကောင်းပိုရသလို စားသုံးသူအားပေးမှုပိုရသည်။ ဈေးကွက်တွင် မြန်မာပြည်ထုတ် သဘာဝလက်ဖက်ထက်ယှဉ်လျှင် ဆေးဆိုးထားသော တရုတ်လက်ဖက်က လူကြိုက်များ၍အရောင်းပိုသွက်သည်။

ပလောင်တောင်ပေါ်တွင် လက်ဖက်ဈေးနှုန်းပြန်ကောင်းရန်မှာ နိုင်ငံတော်အစိုးရ၏ ဥပဒေပြုရေးနှင့် ပြည်သူ့အပေါ်ပညာပေးရေးတွင် အဓိကကြသည်၊

၁၊ တရုတ်ပြည်မှတင်သွင်းသော လက်ဖက်နှင့်ပစ္စည်းများ (Tea and the tea products) ကိုအခွန်ကောက်ခံရမည်၊

၂၊ သွင်းကုန်အဖြစ် လက်ခံသော လက်ဖက်နှင့်ပစ္စည်းများသည် ကျမ်းမာရေးဌါန၏ အန ရယ်ကင်းကြောင်းခွင့်ပြုချက်ပါရှိရမည်၊

၃၊ ပြည်သူများအား တရုတ်ပြည်၏လက်ဖက်ဆိုးကျိုးများအကြောင်း အသိပညာပေး၍ မျိုးချစ်စိတ်ဖြင့် မြန်မာ့လက်ဖက်ကိုသာစားသုံးရေးနှိုးဆော်ရမည်၊

၄၊ အမြတ်ကြီးစား လက်ဖက်ကုန်သည်များအား လက်ဖက်စိုက်ပလောင်ပြည်သူများထံမှ လက်ဖက်ဝယ်ယူရာတွင်ဈေးနှိမ်မှုမရှိစေရန်အတွက် နိုင်ငံတော်မှ ဈေးနှုန်းသတ်မှတ်ပေးရမည်၊

၅၊ လက်ဖက်အထွက်နှုန်းမြင့်မားရေး အရေအသွေးကောင်းမွန်ရေးတို့အတွက်

အစိုးရမှလိုအပ်သည့်အကူအညီများပေး၍ ပလောင်ဒေသခံတာဝန်ရှိသူများနှင့် အမြဲပူးပေါင်းလုပ်ဆောင်ရမည်၊

မြန်မာ့ လက်ဖက်အား ပြည်တွင်းမှာသာမက ပြည်ပသို့တင်သွင်းနိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင် နိုင်ငံခြားပို့ကုန်တခု ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်းဖြင့် အပြိုင်အဆိုင်ဈေးကွက် (competetive market) ရှိလာပါက ပလောင်တိုင်းရင်းသားတွေရဲ့ဘဝ ပြန်လည် အေးချမ်းသာယာလာမည်မှာ မလွဲမသွေဖြစ်တော့သည်။